# ၂၀၁၉ ခုနှစ် ကုန်သွယ်ညီနှိုင်းပွဲ ရလဒ်များစွာဖြင့် အောင်မြင်စွာပြီးဆုံး

ဇွန်လ ၁၈ ရက်နေ့တွင် ဖွင့်လှစ်သည့် ၂၀၁၉ ခုနှစ် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးညီနှိုင်းပွဲ (အောက်တွင် ကုန်သွယ်ညီနှိုင်းပွဲဟု အတိုချုံ့ခေါ်ဝေါ်) သတင်းစာရှင်းလင်းပွဲတွင် ယခုအကြိမ် ကုန်သွယ်ညီနှိုင်းပွဲ အောင်မြင်စွာ ပြီးဆုံးသွားကြောင်း၊ ရလဒ်အသစ်များရရှိခဲ့ကြောင်း သိရပါသည်။



ကုန်သွယ်ညီနှိုင်းပွဲသည် ယူနန်ပြည်နယ်မှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ဆောက်လုပ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအတွင်းသို့ ပါဝင်လုပ်ဆောင်သည့် အလေးပါသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ အလေးပါသည့် စီးပွားကုန်သွယ် ပူးပေါင်းဆောင်ရွက်ရေး စင်မြင့်အသစ်ဖြစ်ပါသည်။ ယခုအကြိမ် ကုန်သွယ်ညီနှိုင်းပွဲသည် အဖက်ဖက်မှ သဘောတူချက်များကို ထိရောက်စွာစုစည်းထားပါသည်။ ပြည်တွင်းပြည်ပနိုင်ငံ ဝန်ကြီးဌာနများနှင့် ဒေသမှအရာရှိများ၊ တရုတ်နိုင်ငံအခြေစိုက် သံတမန်များ၊ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ တာဝန်ရှိသူများ စသည့် ပြည်တွင်းပြည်ပ ဧည့်သည်ပေါင်း ၂၈၀၀ သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း ကိန်းဂဏန်းစုဆောင်းချက်အရ သိရပါသည်။ ကုန်သွယ်ညီနှိုင်းပွဲကို ကျင်းပသည့် အလားတူကာလအတွင်း စီးပွားကုန်သွယ်မှု၊ ယဉ်ကျေးမှု၊ အနုပညာ စသည့်နယ်ပယ်များနှင့် စပ်လျဉ်းသော လှုပ်ရှားမှု(၁၄)ရပ်ကိုလည်း ကျင်းပခဲ့သည်။ ပြည်တွင်းပြည်ပ ဧည့်သည်ပေါင်း ၅၅၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။ နိုင်ငံအသီးသီး၏ ကောင်းမွန်သောပုံရိပ်များကို ပြည့်ဝစွာ ဖော်ထုတ်နိုင်ခဲ့သည်။ တရုတ်နိုင်ငံနှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံအသီးသီး၏ ကုန်သွယ်စီးပွား ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုယဉ်ကျေးမှု ဖလှယ်ရေးများကို တွန်းတင်ပြီး နိုင်ငံအသီးသီး ပြည်သူများ၏ချစ်ကြည်ရေးကို တိုးမြှင့်လာနိုင်ခဲ့ပါသည်။

ကုန်သွယ်ညီနှိုင်းပွဲသည် ကျင်းပသောနည်းလမ်းကို ဆန်းသစ်တီထွင်ပြီး စီးပွားကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးကို အဖက်ဖက်မှ နက်ရှိုင်းစေသည်။ ယခုအကြိမ် ကုန်သွယ်ညီနှိုင်းပွဲသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ ပြုပြင်ပြောင်းလဲမှုပုံရိပ်အသစ်နှင့် ပြင်ပသို့ တံခါးဖွင့်လှစ်သည့် အဆင့်အသစ်ပြသခြင်းကို အဓိကအကြောင်းအရာအဖြစ် လုပ်ဆောင်ထားပါသည်။ စမတ်ပုံစံ၊ မြစိမ်းရောင်ပုံစံ၊ နိုင်ငံတကာပုံစံ၊ နာမည်ကျော်ကြားသော အမှတ်တံဆိပ် စသည့် ထူးခြားချက်များကို ထင်ရှားစေရန် ပြသမှုအဆင့်ကို မြှင့်တင်ထားပါသည်။ ထို့အတူ ဈေးကွက်ပုံစံလည်ပတ်မှု ပြသခြင်းကို စူးစမ်းလေ့လာပြီး ကြော်ငြာခြင်းကို ဗဟိုထားသည့် အမှတ်တံဆိပ်လည်ပတ်မှုစင်မြင့်ကို တည်ထောင်ထားပါသည်။ ကုန်သွယ်ညီနှိုင်းပွဲ အမှတ်တံဆိပ်အရင်းအမြစ်ကို ပေါင်းချုပ်လည်ပတ်ခြင်းကို ပထမဆုံးအကြိမ် လုပ်ဆောင်ခဲ့ပါသည်။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့်အတူ အောင်မြင်မှုရလဒ်ကို အတူခံစားရန် ဖြစ်မြောက်စေပါသည်။ ယခုအကြိမ် ကုန်သွယ်ညီနှိုင်းပွဲတွင် မြစိမ်းရောင်စွမ်းအင်ပြခန်း၊ သစ်တောဂေဟကုန်ပစ္စည်းပြခန်း၊ ဇီဝဆေးပညာနှင့် ကျန်းမာရေးပြခန်း၊ မြစိမ်းရောင် စားသောက်ကုန်ပြခန်း စသည့် မြစိမ်းရောင်ဂေဟဖြင့် ခေါင်းစဉ်ပြုသည့် ပြခန်းလေးခုဖြင့် ယူနန်၏ကမ္ဘာ့အကောင်းဆုံး 'ဖဲသုံးချပ်' တည်ထောင်လိုသည့် ဆုံးဖြတ်ချက်စိတ်နှင့် ယုံကြည်မှုစိတ်ကို ပြသထားပါသည်။ ထို့အတူ 'အင်တာနက်ကွန်ရက် + ပြပွဲ' ပုံစံဖြင့် 'ဒစ်ဂျစ်တယ်ယူနန် ကမ္ဘာဝေမျှ'ကို ထင်ရှားစေပြီး ပထမဆုံးအကြိမ် တျမ်း(ယူနန်)နိုင်ငံတကာပြပွဲစင်တာတွင် 5G လိုင်း ပြည့်ဝစွာဖုံးလွှမ်းမှုကို ဖြစ်မြောက်စေခဲ့ပါသည်။ 4K, AI စသည့် ဒစ်ဂျစ်တယ်နည်းပညာအမျိုးမျိုးကို ပြည့်ဝစွာ ဖော်ပြပေးနိုင်ခဲ့ပါသည်။ ယခုအကြိမ် ကုန်သွယ်ညီနှိုင်းပွဲတွင် လုပ်ငန်းပေါင်း ၃၃၄၈ ခု ပါဝင်ပြသရန် ဆွဲဆောင်နိုင်ခဲ့သည်။ ၎င်းအတွင်း တစ်ဝက်ခန့်သည် နိုင်ငံခြားလုပ်ငန်းများ ဖြစ်ပါသည်။ ၂၀၁၉ ကုန်သွယ်ညီနှိုင်းပွဲကာလအတွင်း လက်မှတ်ရေးထိုးသည့် စီမံကိန်းများမှာ ၄၀၇ ခု၊ လက်မှတ်ရေးထိုးငွေပမာဏသည် တရုတ်ယွမ် ဘီလီယံပေါင်း ၆၀၉ ဒသမ ၃၀၀ ရှိကြောင်း အစောပိုင်း ကိန်းဂဏန်းစုဆောင်းချက်အရ သိရပါသည်။ ၎င်းအတွင်း ပြည်တွင်းရင်းနှီးမှု အသုံးပြုစီမံကိန်း ၃၈၉ ခု၊ လက်မှတ်ရေးထိုးငွေပမာဏ တရုတ်ယွမ် ဘီလီယံပေါင်း ၅၉၈ ဒသမ ၉ ရှိသည်။ ပြည်ပရင်းနှီးအသုံးပြုစီမံကိန်း ၁၈ ခု၊ လက်မှတ်ရေးထိုးငွေပမာဏ တရုတ်ယွမ် ဘီလီယံပေါင်း ၁၀ ဒသမ ၃ ရှိခဲ့ပါသည်။

ဇွန်လ ၁၈ ရက် ညနေ ၄ နာရီအထိ ယခုအကြိမ် ကုန်သွယ်ညီနှိုင်းပွဲတွင် လူပေါင်း ၃ ဒသမ ၅ သိန်း ဝင်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ ပွဲကာလအတွင်း တက္ကသိုလ်ကျောင်းသား လုပ်အားပေး ၁၅၀၀ နှင့် မြို့တော်လုပ်အားပေး ၁၀၀၀၀ တို့သည် ပြပွဲအတွက် ဝန်ဆောင်မှုများလုပ်ဆောင်ပေးခဲ့ပါသည်။

**သတင်းထောက်– ဟန်ရှိန်ယွမ်**

# ကုန်သွယ်ညီနှိုင်းပွဲ နိုင်ငံခြားပြခန်း ပူးပေါင်းဆောင်ရွက်မှုများ ဖော်ပြ




တရုတ် ဟောင်ကောင်၊ မကာအိုဒေသမှ ထူးခြားသော စားသောက်ကုန်များ၊ စမတ် အိမ်သုံးလျှပ်စစ်ပစ္စည်းများသည် အထူးဆွဲဆောင်မှုရှိနေပါသည်။ အီရန်မှ ကြမ်းခင်း၊ တူရကီမှ လက်မှုအနုပညာလက်ရာများမှာ အထူးလှပနေသည်။ ကိုရီးယားမှ အလှကုန်ပစ္စည်းများစွာဖြင့် ဖက်ရှင်သတင်းအချက်အလက်များကို မျှဝေပေးနေပါသည်။ ၂၀၁၉ ကုန်သွယ်ညီနှိုင်းပွဲ နိုင်ငံခြားပြခန်းသို့ဝင်ရောက်လျှင် အထူးအုပ်ချုပ်ရေးဇုန်(SAR)နှစ်ခု၊ နိုင်ငံ ၂၁ ခုမှ 'ရေပန်းစား'ပစ္စည်းလေးများကို ပြသနေပါသည်။ ရိုးရာနှင့်ဆန်းသစ်မှု တွေ့ဆုံပြီး ယူနန်အယ်လီမန့်နှင့် နိုင်ငံတကာထူးခြားချက်များ ရောစပ်ကာ ပူးပေါင်းဆောင်ရွက်မှုများကို ပြသနေပါသည်။

ယူနန် ဖူးအော်လက်ဖက်ခြောက်ကို ဂျပန်ရန်စိုခရိုင်တောင်ပိုင်း သံထည်အတွင်းသို့ထည့်ပြီး ရေနွေးကိုဖြည်းဖြည်းချင်းထည့်လိုက်ကာ အမွှေးနံ့ သင်းပျံ့လာနေသည်။ ယူနန်၏ ဖူးအော်လက်ဖက်ခြောက်နှင့် ဂျပန်တောင်ပိုင်းသံအိုး ကုန်သွယ်ညီနှိုင်းပွဲပေါ်တွင် 'တွေ့ဆုံ'လိုက်သည့်အခါ လာရောက်ကြည့်ရှုသူများ၏ အာရုံစူးစိုက်မှုတစ်ခုဖြစ်လာခဲ့ပါတော့သည်။



'ယခုနှစ် ကျွန်တော်တို့ ဂျပန်လုပ်ငန်းအဖွဲ့(၃)ခုနှင့် ပူးတွဲပြသရန် ဖွဲ့စည်းစီစဉ်ထားသည်။ အဓိက ဂျပန်ရန်စိုခရိုင်တောင်ပိုင်း သံထည်၊ ယွန်းထည်နှင့် ရန်စိုခရိုင်ခရီးသွားကုန်ပစ္စည်း စသည်တို့ကိုပြသထားသည်' ယူနန်စားဖိုစီးပွားကုန်သွယ်ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဟန်ဝိမ်က သတင်းထောက်ထံပြောပြသည်။ ကုန်သွယ်ညီနှိုင်းပွဲဟူသော နိုင်ငံတကာစင်မြင့်မှတစ်ဆင့် ပိုများသော ယူနန်လုပ်ငန်းအဖွဲ့၊ ဂျပန်လုပ်ငန်းအဖွဲ့နှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ၏ လုပ်ငန်းအဖွဲ့များကို ချိတ်ဆက်ပေးနိုင်ပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးကို အတူရှာဖွေနိုင်ကြောင်း ဂျပန်နိုင်ငံမှ ကုန်သည်များက ထင်မြင်ယူဆပါသည်။ ထို့အတူ လုပ်ငန်းလည်ပတ်ပတ်ဝန်းကျင်နှင့် တောင်အာရှ၊ အရှေ့တောင်အာရှကို မျက်နှာပြုသည့် ဈေးကွက်ပတ်ဝန်းကျင်ကို ဆက်လက်မြှင့်တင်ခြင်းဖြင့် ဂျပန်လုပ်ငန်းအဖွဲ့များ ယူနန်သို့လာရောက်ရင်းနှီးသည့် တွန်းအားဖြစ်လာနေပါသည်။

နိုင်ငံခြားပြခန်းသို့ သေချာစွာ လည်ပတ်နေစဉ် မိတ်ဆွေအများနှင့် တွေ့ဆုံရပါသည်။ တောင်အာရှကုန်စည်ပြပွဲမှ ကုန်သွယ်ညီနှိုင်းပွဲအထိ နားလည်ခြင်းမှ အပြန်အလှန် ယုံကြည်ခြင်းအထိ ပိုမိုများပြားသော နိုင်ငံခြားကုန်သည်များသည် ဤနေရာတွင် အခွင့်အရေးများ ရရှိနိုင်ခဲ့ပါတော့သည်။

'ကြမ်းခင်းတိုင်းမှာ ဆွဲထားသောပုံပြင်မတူပါ။ ကြမ်းခင်းတစ်ခုဖြင့် ပေါ်စီယဉ်ကျေးမှုကို နားလည်နိုင်ကြပါသည်' ကူမင်းမြို့ နိုင်ငံတကာပြပွဲသို့ ပထမဆုံးအကြိမ်ပါဝင်သည့် အီရန်ကုန်သည် မူစီထဖာအာမိုက်က ဧည့်သည်များအတွက် ကုန်ပစ္စည်းကို ပြသနေပါသည်။

'အခွင့်အရေး'သည် မူစီထဖာအာမိုက်၏ ယူနန်ပထမဆုံးပုံရိပ်ဖြစ်ပါသည်။ 'အီရန်ကုန်သည်များက ကုန်သွယ်ညီနှိုင်းပွဲက အကျိုးတူပူးပေါင်းရေး စင်မြင့်ကောင်းတစ်ခုဖြစ်သည်ဟူ၍ ပြောကြပါသည်။ ယခုနှစ် ကျွန်တော် ဒီစင်မြင့်ကိုလာရောက်ခြင်းဖြင့် ယူနန်နှင့် တရုတ်ဈေးကွက်ကို ဝင်ရောက်လိုပါသည်၊ အီလန်ထူးခြားကုန်ပစ္စည်းများကို လူသိများစေလိုပါသည်'ဟု မူစီထဖာအာမိုက်သည် အနာဂတ်အပေါ် မျှော်လင့်ချက်အပြည့် ရှိနေပါသည်။

တရုတ် ဟောင်ကောင် အထူးအုပ်ချုပ်ရေးဇုန် ပြသဇုန်တွင် ဟောင်ကောင်ကုန်သွယ်ဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ပြသစင်မြင့်မှာ အထူးထင်ရှားနေပါသည်။ ရင်းနှီးမှု၊ ကုန်သွယ်ရေး၊ ဝန်ဆောင်မှု စသည့် ကြော်ငြာအချက်အလက်များ ပြည့်ဝစွာ ရှိပါသည်။ သက်ဆိုင်ရာ အလုပ်ဝန်ထမ်းများက ဟောင်ကောင်နှင့် ယူနန် ဖလှယ်ပူးပေါင်းမှု ပိုမိုများပြားလာသည်နှင့်အတူ အဆိုပါဦးစီးဌာနသည် ဈေးကွက်အကြံပေး မေးမြန်းမှုကို ထောက်ပံ့ပေးပြီး ဖလှယ်စင်မြင့်ကို တည်ဆောက်ထားကြောင်း ပြောဆိုခဲ့သည်။ ရင်းနှီးသူများအတွက် 'တစ်ဂိတ်တည်း' ဝန်ဆောင်မှုထောက်ပံ့ပေးသည်။ ယူနန်လုပ်ငန်းများကို 'အပြင်သို့ထွက်'ရန် ထောက်ကူပြုစေလိုပါသည်။

**သတင်းထောက်– ရှူးဝိမ်**

"အသံ"

# 'လှပခြင်း'ဟူသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်ရန် ဦးတည်ချက် ဖော်ပြသည်

'တရုတ်နိုင်ငံသည် ကောင်းကင်ပြာ ထိန်းသိမ်းရေးတိုက်ပွဲတွင် တဖြည်းဖြည်း အနိုင်ယူနေပြီဖြစ်သည်။ ဤကမ္ဘာ့ဒုတိယ စီးပွားရေးထုကြီးသည် ပတ်ဝန်းကျင်ညစ်ညမ်းစေသော လုပ်ဆောင်ချက်များကို တိုက်ဖျက်နေပြီး လေထုညစ်ညမ်းခြင်းကို ထိန်းချုပ်နိုင်သော အရေးပါသည့် လုပ်ဆောင်ချက်များ ဆောင်ရွက်နေပါသည်။ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်သောစနစ်ကိုလည်း ဖန်တီးတည်ဆောက်နေပါသည်' ဟု ယခုရက်ပိုင်းတွင် Bloomberg News သည် သုတေသနစာတမ်းတစ်စောင်မှ ကောက်နုတ်ပြီး ဤသို့ဖော်ပြခဲ့ပါသည်။ ထိုသုတေသနစာတမ်းမှာ ဖော်ပြထားသည်မှာ ၂၀၁၇ ခုနှစ် စတုတ္ထအကြိမ် ရာသီမှာ ပေကျင်း၊ ထျန်ကျင်း စသည့်မြို့များတွင် PM2.5 ပျမ်းမျှသိပ်သည်းနှုန်းသည် ယခင်ထက် ၃၄ ဒသမ ၃ ရာခိုင်နှုန်း လျော့ချခဲ့ပြီး တရုတ်နိုင်ငံ ဂေဟစနစ်ဆောက်လုပ်ရေး အရှိန်မြှင့်တင်ရေးအတွက် တက်ကြွသော တွန်းတင်မှုများ ပေးနိုင်ခဲ့ပါကြောင်း ရေးသားထားပါသည်။

တရုတ်နိုင်ငံသည် ဂေဟစနစ်ဆောက်လုပ်ရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ပြီး တရုတ်နိုင်ငံ၏ မြစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှာလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိစေနိုင်မည်ဖြစ်ကြောင်း ဟူ၍ နိုင်ငံခြားသားပညာရှင်များက ထင်မှတ်ကြောင်း အသီးသီးဖော်ပြခဲ့ကြပါသည်။

'ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးထုအနေဖြင့် သစ်တောရေမြေ စိမ်းလန်းစိုပြည်ရေးကို ကြိုးပမ်းဆောင်ရွက်နေပြီး ဇီဝဂေဟစနစ် ဆောက်လုပ်ရေးကို အရှိန်မြှင့်တင်နေသည်။ ဖွံ့ဖြိုးတိုးတက်ရေး ပုံစံသစ်များဖြင့် မြစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် လုပ်ဆောင်မည့် အချက်ပြမီးပြနေသည်'ဟု နယ်သာလန် အမ်စတာဒမ်စီးပွားရေးကျောင်းမှ ပါမောက္ခ ဟာရမ်ဆောဝါက ပြောကြားသွားသည်။ တရုတ်နိုင်ငံက ညစ်ညမ်းခြင်းထိန်းချုပ်ရေး စီမံကိန်းကိုလည်း ဆက်လက်လုပ်ဆောင်သည်နှင့်အမျှ တရုတ်နိုင်ငံအစိုးရမှလည်း ဂေဟစနစ်ဆောက်လုပ်ရေး အရှိန်မြှင့်တင်ရန် အသေးစိတ်တပ်ဖြန့်မှုများလည်း ဖွဲ့စည်း ဖြန့်ကြက်ထားသည်။ 'တရုတ်အစိုးရ၏ ကြိုးစားအားထုတ်ပုံမှာ ယခင်ကနှင့် လုံးဝမတူပေ။ အနာဂတ်တွင် တရုတ်မြစိမ်းရောင် ဖွံ့ဖြိုးတက်ရေးကြောင့် အကျိုးခံစားခွင့်များစွာ ရရှိလိမ့်မည်ဟု ယုံကြည်သည်။'

'လှပခြင်း'ဟူသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်ခြင်းကို ဖော်ပြသည်။ တရုတ်နိုင်ငံမှ စည်းရုံးလှုံ့ဆော်သော 'သဟဇာတဖြစ်မှု'နှင့်လည်း ကိုက်ညီနေပါသည်။ တရုတ်လူမျိုးများ သဘာဝပတ်ဝန်းကျင်အတွင်း ပြန်လည်နေထိုင်နိုင်ရန် ဂေဟစနစ်ထိန်းသိမ်းရေးနှင့် သစ်တောရေမြေ စိမ်းလန်းစိုပြည်ရေးကို အားစိုက်လုပ်ဆောင်ရမည်' ဟူ၍ မက္ကဆီကိုပင်တိုင်ဆောင်ပါးရှင် တရုတ်ရေးရာ သုတေသနပညာရှင် အဲလ်ဘတ်လောတယ်လီကောစက သတိထားမိသည်။ တရုတ်ကွန်မြူနစ်ပါတီ (၁၈)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံတွင် သမ္မတရှီကျင့်ဖျင်၏ ဂေဟစနစ်တိုးတက်မှု နည်းလမ်းသစ်၊ အတွေးသစ် ရရှိလာခဲ့သည်။ တရုတ်နိုင်ငံမှာ ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်သော လူသားယဉ်ကျေးမှုတိုးတက်ရေး လမ်းစသစ်မှာ ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်ပြီး ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်ခြင်းသည် တရုတ်လူမျိုးများ၏ ကြီးမားသော အကောင်အထည်ဖော် ဆောင်ရွက်လိုသော အိပ်မက်ပင်ဖြစ်သည်ဟု လောတယ်လီကောစက အလေးပေးပြောကြားခဲ့သည်။ တရုတ်နိုင်ငံ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး၊ နိုင်ငံတော် ခေတ်မီတိုးတက်ရေးပန်းတိုင်တွင် 'လှပခြင်း'ပါ ပါလာမည်ဖြစ်သည်။ 'လှပခြင်း' သည် တရုတ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းထက် အရေးကြီးသော ရည်မှန်းချက်တစ်ခုဖြစ်ပြီး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည်ကို အရှိန်လျော့ကာ ပြည်သူလူထုအတွက် အကျိုးပိုရရှိစေသော ပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲခြင်း၊ ဂေဟစနစ် ဆောက်လုပ်ခြင်းဟူသည့် အတွေးအခေါ် အယူအဆမှာ တရုတ်နိုင်ငံတော်ခေါင်းဆောင်များ၏ ဉာဏ်ပညာထက်မြက်ပုံနှင့် ရဲစွမ်းသတ္တိထက်မြက်ပုံကို ဖော်ပြနိုင်ခဲ့ပါသည်။

ဂေဟစနစ်ဆောက်လုပ်ရေးမှာ တရုတ်အစိုးရမှ ပြည်သူလူထု၏ ကျန်းမာရေးနှင့် နေထိုင်မှုအဆင့်အတန်းကို အလေးထားခြင်းကို ဖော်ပြနိုင်သည်။ တရုတ်နိုင်ငံ၏ ဂေဟစနစ်ဆောက်လုပ်ရေး အယူအဆများနှင့် အတွေ့အကြုံများမှာ ထိုင်းနိုင်ငံနှင့် အခြားဖွံ့ဖြိုးတိုးတက်နေဆဲ နိုင်ငံများအတွက် အောင်မြင်သောနမူနာဖြစ်စေသည်ဟု ထိုင်းနိုင်ငံ အမျိုးသားဥယျာဉ်၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်တောထိန်းသိမ်းရေး အမျိုးသားဥယျာဉ် ထိန်းသိမ်းရေးရုံးမှ ညွှန်ကြားရေးမှူး ဆုံတမ်းက ပြောကြားသွားပါသည်။

**'ပြည်သူ့နေ့စဉ်သတင်းစာ'မှ ကောက်နုတ်သည်။**

# မဲခေါင်မြစ် မြစ်ဝှမ်းဒေသနိုင်ငံများမှ မီဒီယာကိုယ်စားလှယ်အဖွဲ့သည် ယူနန်နေ့စဉ်သတင်းစာအဖွဲ့သို့ သွားရောက်လည်ပတ်




ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် အဌမအကြိမ်မြောက် တရုတ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသနိုင်ငံများ မီဒီယာ အပြန်အလှန် လည်ပတ်လေ့လာရေး လှုပ်ရှားမှုတွင် ဆင်နွှဲသော သတင်းပြန်ကြားရေး အရာရှိများနှင့် သတင်းထောက်များသည် ယူနန်နေ့စဉ်သတင်းစာအဖွဲ့သို့ သွားရောက်လည်ပတ်ခဲ့သည်။ ယခုအကြိမ် လှုပ်ရှားမှုမှာ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးမှ အကြံပေးလုပ်ဆောင်ခဲ့ပြီး ယူနန်ပြည်နယ်ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာနမှ ဦးဆောင်လုပ်ဆောင်သည်။ ကိုယ်စားလှယ်အဖွဲ့ဝင် ၁၆ ဦးမှာ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ မြန်မာ စသည့်နိုင်ငံအသီးသီးမှ ဖြစ်သည်။

ကိုယ်စားလှယ် အဖွဲ့ဝင်များသည် 'ယူနန်ဝက်ဘ်ဆိုက်'၊ 'နွေဦးမြို့ညသတင်းစာ'၊ 'Yunnan Gateway ဝက်ဘ်ဆိုက်' သို့ သွားရောက်လေ့လာခဲ့သည်။ တစ်ဖန် all-media စင်တာတွင် ဆွေးနွေးပွဲကျင်းပခဲ့သည်။

ယူနန်နေ့စဉ်သတင်းစာအဖွဲ့မှ သက်ဆိုင်ရာတာဝန်ခံမှာ မီဒီယာကိုယ်စားလှယ်များထံ ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ဖြစ်ပေါ်လာပုံ၊ မီဒီယာအသင်းအဖွဲ့၊ တွင်ကျယ်သောလုပ်ငန်းများနှင့် တောင်အာရှ၊ အရှေ့တောင်အာရှ ဦးတည်သော အပြည်ပြည်ဆိုင်ရာ ခေတ်သစ်မီဒီယာဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေသော အဖွဲ့၏ရည်မှန်းချက်များကို မိတ်ဆက်ပြောကြားခဲ့သည်။



တစ်ဖန် ယူနန်နေ့စဉ်သတင်းစာအဖွဲ့မှ 'လျှောက်ထွက်ခြင်း'ဟူသော တရုတ်ပုံပြင်ပြောခြင်း အစီအစဉ်နှင့် ယူနန်ပြည်နယ်မှ အသံများ ပျံ့နှံ့စေခြင်း ဟူသော အပိုင်းများတွင် အောင်မြင်မှုရလဒ်ကောင်းများ ရရှိခဲ့ကြောင်း အလေးပေးပြောဆိုခဲ့သည်။ ယူနန်နေ့စဉ်စာသတင်းအဖွဲ့သည် မြန်မာ၊ အမေရိကန်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို စသည့် နိုင်ငံကိုးနိုင်ငံ၏ အဓိကမီဒီယာများ၏ သတင်းစာများတွင် ဘာသာစကားခြောက်မျိုးပါသော 'တရုတ်ယူနန်'ဟူသည့် အထူးစာစောင်များ ထုတ်ဝေထားသည်။ မြန်မာဘာသာစကားဖြင့် 'မင်္ဂလာ'မဂ္ဂဇင်း၊ ထိုင်းဘာသာစကားဖြင့် 'မဲခေါင်မြစ်'မဂ္ဂဇင်း၊ လာအိုဘာသာစကားဖြင့် 'ကျမ်းပါး'မဂ္ဂဇင်း၊ ကမ္ဘောဒီးယားဘာသာစကားဖြင့် 'ခမာ'မဂ္ဂဇင်း စသည်တို့ တာဝန်ယူ၍ ထုတ်ဝေလျက်ရှိနေပါသည်။ တစ်ဖန် ဘာသာစကားမျိုးစုံပါဝင်သော 'Yunnan Gateway' ဝက်ဘ်ဆိုက်နှင့် ပြည်တွင်းကနဦး ဘာသာစကားမျိုးစုံရှိသော Wechat Public Site 'လန်မဲဖား(LMP)'တို့ပါ တည်ထောင်ထားသည်။ Facebook နှင့် Twitter နိုင်ငံခြား လူမှုကွန်ရက်များတွင်လည်း "Amazing Yunnan"အကောင့်ဖြင့် သတင်းများတင်နေပါသည်။ ယူနန်နေ့စဉ်သတင်းစာအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ဖြန့်ဝေမှုအားမှာ ကိုယ်စားလှယ်များအသင်းများ၏ အထူးချီးမွမ်းခြင်းကို ခံရပါသည်။

ကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင်များသည်လည်း ယူနန်နေ့စဉ် သတင်းအဖွဲ့အစည်းမှ တစ်မူထူးခြားသော နည်းပညာဖြစ်သော ရေအော့ဖ်ဆက်ပညာကို လေ့လာခဲ့ကြသေးသည်။

**သတင်းထောက်– လျိုယုံ**

# ထွန်းတောက်သော တောင်အာရှ ၊ အရှေ့တောင်အာရှအနုပညာ အလင်းရောင်ဖြာ

## ၂၀၁၉ ခုနှစ် တရုတ်–တောင်အာရှ၊ အရှေ့တောင်အာရှ အနုပညာသီတင်းပတ် အောင်မြင်စွာကျင်းပခဲ့





၂၀၁၉ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှ အနုပညာသီတင်းပတ် အောင်မြင်စွာကျင်းပခဲ့ပါသည်။

ယခုအကြိမ် အနုပညာသီတင်းပတ်သည် 'တံခါးဖွင့်လှစ်မှုရှေ့တန်းမှာ အတူစုစည်းခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုမှုစင်တာကို အတူတည်ဆောက်ခြင်း၊ ချမ်းသာဖွံ့ဖြိုးမှုကို အတူမျှဝေခြင်း'ဟူသည့် ရည်မှန်းချက်ကို ပိုမိုသိသာလာစေရန် ရည်ရွယ်ပြီး 'ပိုးလမ်းမအသစ်ကို အတူတကွတည်ဆောက်ခြင်း၊ ရောင်စုံခြယ်ယူနန်တွင် ဆုံဆည်းကြခြင်း'ဟူသော အဓိကဆောင်ပုဒ်ဖြင့် နိုင်ငံတကာစံနှုန်းရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ အနုပညာဆန်သော အပိုင်းကဏ္ဍများကို အဆင့်မြင့်တက်လာအောင် တွန်းအားပေးနိုင်ခဲ့သည်။ တစ်ပတ်တာ အချိန်ကာလအတွင်းတွင် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံအသီးသီးမှ ရောက်ရှိလာကြသော ယဉ်ကျေးမှုအနုပညာရှင်များနှင့် တရုတ်နိုင်ငံ အနုပညာရှင်များ၊ အနုပညာအလုပ်ဝန်ထမ်းများသည် တောင်အာရှ၊ အရှေ့တောင်အာရှ ရုပ်ရှင်ဖလှယ်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖိုရမ်၊ ရုပ်ရှင်စီမံကိန်းများ မိတ်ဆက်ပွဲနှင့် ဇာတ်ကားရိုက်ကူးခွင့် မူပိုင်အခွင့်အရေးများ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အိန္ဒိယရုပ်ရှင်သီတင်းပတ်၊ '၂၀၁၉ ခုနှစ် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံတကာမျက်လှည့်နှင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ယူနန်ပြည်နယ် တတိယအကြိမ်မြောက် နိုင်ငံတကာမျက်လှည့်ပြပွဲ စသည့် စီးရီးလိုက် အနုပညာလှုပ်ရှားမှု အစီအစဉ်များကို ကျင်းပခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဘက်စုံအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်အတွက် လည်းကောင်း၊ ယူနန်ပြည်နယ်မှ ပြည်ပသို့ ထူးချွန်သော ရိုးရာယဉ်ကျေးမှုများပြန့်ပွားရန်အတွက် လည်းကောင်း၊ ယူနန်မှ ပြည်ပသို့ ယဉ်ကျေးမှုပြန့်ပွားခြင်း စွမ်းဆောင်ရည်တိုးပွားစေရန်အတွက် လည်းကောင်း အကျိုးကျေးဇူးများ တက်ကြွစွာ သက်ရောက်စေပါသည်။

ယခုအကြိမ် အနုပညာသီတင်းပတ်တွင် တရုတ်၊ အိန္ဒိယ၊ အီတလီ၊ ကိုရီးယား၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ယူကရိန်း၊ အမေရိကန် စသည့် နိုင်ငံ ၁၂ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် တရုတ် ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ် စသည့်ဒေသများမှ ကိုယ်စားလှယ်များသည် အတူဆုံဆည်းကာ တစ်နှစ်တစ်ကြိမ် ကျင်းပသော အခမ်းအနားသို့ တက်ရောက်ဆင်နွှဲခဲ့ကြပါသည်။

ဇွန်လ ၁၁ ရက်နေ့ ညနေခင်းပိုင်းအချိန်တွင် ယူနန်ယဉ်ကျေးမှုအနုပညာခန်းမအတွင်း လူနှင့်ပြည့်လျှံနေသည်။ ၂၀၁၉ ခုနှစ် တောင်အာရှ၊ အရှေ့တောင်အာရှ ရုပ်ရှင်ဖလှယ်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်လာကြသော ဧည့်သည်တော်များသည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နောက်ခံအခြေအနေကိုမူတည်ပြီး တရုတ်နိုင်ငံနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ အကျိုးတူပူးပေါင်းဆောင်ရွက်မှု အလားအလာနှင့် ဦးတည်ချက်များအကြောင်းကို သုတေသနပြုစုခြင်း၊ ဆွေးနွေးဖလှယ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။ အိန္ဒိယ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား စသည့် တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံအသီးသီးမှ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးဌာနများသည် ရောင်စုံခြယ်ယူနန်အကြောင်းကို သိကျွမ်းနေကြပြီဖြစ်သည်။ အနုပညာအရင်းအမြစ်ပေါကြွယ်ဝခြင်းနှင့် နီးစပ်သော ယဉ်ကျေးမှုများကို အခြေခံပြီး ရုပ်ရှင်ဇာတ်ကားဖန်တီးမှု၊ အတူတကွရိုက်ကူးမှု၊ မူပိုင်ခွင့်နှင့် ရုပ်ရှင်ရုံ အွန်လိုင်းအကျိုးတူပူးပေါင်းဆောင်ရွက်မှု စသည့်အပိုင်းကဏ္ဍများတွင် တူညီသော တောင်းဆိုချက်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုစနစ်များကို လေ့လာသုံးသပ်ကြပါသည်။ ရုပ်ရှင်ဇာတ်ကား ဖန်တီးမှုများကို အတူတကွ ရှာဖွေခြင်း၊ တူညီသော အရင်းအမြစ် ယဉ်ကျေးမှုများ ရှာဖွေခြင်းနှင့် ရုပ်ရှင်ဇာတ်ကားထုတ်လုပ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းတစ်ခုကို အတူတကွရှာဖွေခြင်း စသည့်အကြောင်းများသည် လူအများဂရုပြုနေသော အပိုင်းကဏ္ဍများ ဖြစ်ကြသည်။ ဖိုရမ်တွင် အိန္ဒိယ၊ လာအို၊ ထိုင်း စသည့် နိုင်ငံအသီးသီးမှ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးဌာနများနှင့် တရုတ်နိုင်ငံ ရုပ်ရှင်ဇာတ်ကား စီမံခန့်ခွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဝေရေးဌာနနှင့် ရုပ်ရှင်လောကမှ ပါရဂူများ၊ ပညာရှင်များ၊ အနုပညာရှင်အသီးသီးတို့မှ ဆွေးနွေးကာ မေးခွန်းများ ထုတ်ဖော်ပြီး အတွေ့အကြုံများကို ဖလှယ်ခဲ့ကြပါသည်။

အနုပညာသီတင်းပတ်တွင် အိန္ဒိယရုပ်ရှင်ဇာတ်ကား သီတင်းပတ်အစီအစဉ်ကို ထည့်သွင်းကျင်းပခဲ့ပါသည်။ 'တမူထူးခြားသောဘဝ'၊ 'ပိုးတုံးလုံး'၊ 'ပြော၍မထွက်သောစကား'၊ 'ချစ်သူနှစ်ဦး' စသည့် ဘောလီးဝုဒ် အိန္ဒိယဇာတ်ကား (၇)ကားနှင့် 'ဆန်ရန်း'၊ 'တိမ်လွှာပေါ်ကကျောက်ခဲမြို့'စသည့် ယူနန်တိုင်းရင်းသား အကြောင်းရင်းများကို အဓိကထားပြီး ရိုက်ကူးထားသော တရုတ်ပြည်တွင်း ထုတ်လုပ်ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားများသည် ရုပ်ရှင်ဇာတ်ကား သီတင်းပတ် အချိန်ကာလအတွင်း ကူမင်းမြို့တွင် အကြိမ် ၂၀ ထုတ်လွှင့်ပြသခဲ့ပါသည်။

လှုပ်ရှားမှုများကျင်းပသော သုံးရက်တာ အချိန်ကာလအတွင်းတွင် ၂၀၁၉ ခုနှစ် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ယူနန်ပြည်နယ် တတိယအကြိမ် နိုင်ငံတကာမျက်လှည့်ပြပွဲတွင် အီတလီ၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ ထိုင်း၊ ယူကရိန်း၊ အမေရိကန် စသည့်နိုင်ငံများနှင့် တရုတ်နိုင်ငံ ထိုင်ပေ၊ ဟောင်ကောင်၊ ကွမ်တုံ၊ ဟူပေ၊ စန်ရှီး၊ ယူနန် စသည့် ဒေသအသီးသီးမှ မျက်လှည့်အဖွဲ့များနှင့် မျက်လှည့်ဆရာများသည် စင်မြင့်ပေါ်သို့ တက်ရောက်ကြပြီး ပရိသတ်များအတွက် ၎င်းတို့၏ မျက်လှည့်အနုပညာများကို တင်ဆက်ပြသခဲ့ပါသည်။ တရုတ်မျက်လှည့်'ရွှေချယ်ခြင်း'၊ 'ဟွာမူလန်'၊ 'စက္ကူလေယာဉ်ပျံ'၊ စင်ကာပူ၏ 'အချိန်ကို ပုံဖော်ခြင်း'၊ အမေရိကန်၏ 'လေထဲတွင် မျောနေသောလက်'၊ ယူကရိန်း၏ 'ခြေထောက်မျက်လှည့်'၊ အီတလီ၏ 'ထီးမျက်လှည့်' စသည့်အစီအစဉ်များစွာကို တင်ဆက်ပြသခဲ့ပါသည်။ မျက်လှည့်အစီအစဉ်တိုင်းသည် ထူးဆန်းအံ့ဖွယ်များဖြင့် ပြည့်နေပါသည်။ ပွဲကြည့်ပရိသတ်များ၏ ကြိုက်နှစ်သက်အားပေးမှုများကို ရရှိနေပါသည်။ **အထွေထွေသတင်း**



နှစ်(၇၀)ပြည့် ဂုဏ်ပြုထောပနာပြုခြင်း"

## အမြန်ကားလမ်းခရီးတာ ကမ္ဘာ့ပထမနေရာတွင် ရပ်တည်လျက်ရှိ

**အယ်ဒီတာအညွှန်း–**

၂၀၁၉ ခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၇၀)ပြည့်နှစ် ဖြစ်ပါသည်။ နှစ်ပေါင်း(၇၀) အချိန်ကာလအတွင်းတွင် တရုတ်နိုင်ငံသည် ဆင်းရဲသော၊ အင်အားလျော့နည်းသောနိုင်ငံမှ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးစနစ်ကိုပိုင်ဆိုင်သော နိုင်ငံအဖြစ်သို့ တစ်ဟုန်ထိုး တိုးတက်လာခဲ့ပါသည်။ နိုင်ငံတော်၏ အထွေထွေစွမ်းဆောင်ရည် အခြေအနေသည် သမိုင်းတွင်စေခဲ့ပါသည်။ လူအများ၏ သတိပြုမှုကို ခံခဲ့ရပါသည်။ ယခုအပတ်စဉ်တွင် ကျွန်တော်တို့သည် 'နှစ်(၇၀)ပြည့် ဂုဏ်ပြုထောပနာပြုခြင်း' ကော်လံကို ဆက်လက်ထုတ်ဖော်ရေးသားသွားမည်ဖြစ်သည်။ ယင်းနှစ်(၇၀)အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြောင်းလဲချက်များကို လေ့လာသုံးသပ် ဖော်ပြသွားမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီးကတည်းကစပြီး တရုတ်နိုင်ငံအတွင်းရှိ ကုန်းလမ်းဆောက်လုပ်ရေးလုပ်ငန်းများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာပါသည်။ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်း အချိန်အထိ တစ်နိုင်ငံလုံးအတွင်းရှိ အမြန်ကားလမ်းခရီးတာမှာ ကီလိုမီတာ ၁ ဒသမ ၃၆၅ သိန်းအထိ ရှိပြီဖြစ်သည်။ ကမ္ဘာ့ပထမနေရာတွင် ရပ်တည်လျက်ရှိပါသည်။

ပေါက်ဖော်ပြတိုက်

# ဧရာဝတီမြစ်ကမ်းနံ့ဘေးမှာ မြန်မာ–တရုတ် ချစ်ကြည်ရေးအကြောင်းကို ဖော်ကျူး



'ပေါက်ဖော်'ဟူသော မြန်မာဝေါဟာရမှာ 'ညီအစ်ကိုမောင်နှမ'ဟူ၍ အဓိပ္ပာယ်ရပါသည်။ တရုတ်-မြန်မာ လူမျိုးနှစ်မျိုးလုံးနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား အပြန်အလှန် ခေါ်ဆိုသော အထူးစကားလုံးဖြစ်ပါသည်။ ယခုခေတ်မှာဆိုလျှင် တရုတ်-မြန်မာ ချစ်ခင်ရင်းနှီးသော သမိုင်းသက်သေသင်္ကေတပင် ဖြစ်နေပြီ။ အကယ်၍ တရုတ်-မြန်မာ၏ 'ပေါက်ဖော်'ချစ်ကြည်ရေး ရေစက်မှာ မြန်မာ့သမိုင်းရာ ဇဝင်ကျမ်းကြီး 'မှန်နန်းရာဇဝင်'ရှိ ဒဏ္ဍာရီပုံပြင်ဇာတ်လမ်းမှ စခဲ့သည်ဟုဆိုလျှင် နှစ်ပေါင်းရာချီအတွင်း တရုတ်-မြန်မာ ပြည်သူတို့အကြား ချစ်ကြည်ရေးသမိုင်းမှတ်ကျောက် တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပေမည်။(၂၀)ရာစု (၆၀)ဆယ်စုနှစ်မှာ 'ပေါက်ဖော်' ချစ်ကြည်ရေးမှာ တရုတ်-မြန်မာဆက်ဆံရေး၏ စံသင်္ကေတအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ 'ပေါက်ဖော်ပြတိုက်'တစ်ခုလည်း ထို့နောက်မှာ မြန်မာနိုင်ငံ မန္တလေးမြို့အနောက်ဘက် ဧရာဝတီမြစ်ကမ်းနံ့ဘေး ကြင်တော်ယန်တွင် တည်ဆောက်နိုင်ခဲ့ပါတော့သည်။ 'ပေါက်ဖော်'ဟု အမည်ပေးရသည်မှာလည်း တရုတ်-မြန်မာ ချစ်ကြည်ရေး ဆက်ဆံရေးသမိုင်းကြောင်းကို ပြသထားခြင်းကြောင့်ပင် ဖြစ်ပါတော့သည်။ 'ပေါက်ဖော်'ချစ်ကြည်ရေးကို ကမ္ပည်းထိုးထားကာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းမည် ဖြစ်ပေသည်။

၂၀၁၇ ခုနှစ် နဝမအကြိမ်မြောက် မြန်မာပြည်ဖွား အိုဗာစီးတရုတ်လူမျိုး ပြန်လည် ဆုံဆည်းပွဲကို စီစဉ်ကျင်းပစဉ်အတွင်း 'ပေါက်ဖော်ပြတိုက်'ကို တည်ဆောက်ရန် အကြံပြုချက်ကို ကြင်တော်ယန်အမြော်အမြင်ရှိ ခေါင်းဆောင်ကြီးများနှင့် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ထောက်ခံအားပေးခြင်းကို ခံခဲ့ရပါသည်။ ပြတိုက်ကို ကြင်တော်ယန် ပရဟိတအသင်းနှင့် မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့မှ ဦးဆောင်ပြီး တည်ဆောက်ခဲ့ကြပါသည်။ လက်တွေ့လုပ်ငန်းကို'Pauk Phaw'ကွန်ရက်မှ တာဝန်ယူစီစဉ် တည်ဆောက်ခဲ့ပါသည်။ ဖူချင့်ကွန်ဖြူးရှပ်စင်တာမှ 'မြန်မာ့ယဉ်ကျေးမှုပြခန်း'၏ ပြခန်းပစ္စည်းအားလုံးကို လှူဒါန်းပံ့ပိုးသွားပါသည်။ ယူနန်တက္ကသိုလ် တိုင်းရင်းသားပညာရပ်နှင့် လူမှုပညာရပ်ကောလိပ်မှ တွဲဖက်ပံ့ပိုးကူညီမှုများကို ပေးဆောင်သွားကြပါသည်။ (၁၀)လကြာ စီစဉ်ဆောက်တည်ပြီးသည့်နောက် ယူနန်တက္ကသိုလ် တိုင်းရင်းသားပညာရပ်နှင့် လူမှုပညာရပ်ကောလိပ်က 'ပေါက်ဖော်ပြတိုက်' တည်ဆောက်ရေးအတွက် စာမူကြမ်းထုတ်ပေးခြင်း၊ ဒီဇိုင်းဆွဲခြင်း၊ ခင်းကျင်းခြင်း စသည်တို့အတွက် ပံ့ပိုးပေးသည်သာမက အထူးအဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး လမ်းညွှန်ချက်များပေးခဲ့ပါသည်။

ကြင်တော်ယန်သည် ရှေးကျသော မြစ်ဆိပ်ကမ်းနံ့ဘေးမှာ တည်ရှိနေရာ တရုတ်ဘိုးဘေးများ အစောဆုံး ဧရာဝတီမြစ်မှတစ်ဆင့် မန္တလေးသို့ အခြေချခဲ့သည့်နေရာလည်း ဖြစ်ခဲ့ပါသည်။ ထိုစဉ်အခါက လူများနားနေရာစခန်းနှင့် ကုန်တင်ကုန်ချသည့်နေရာ ဖြစ်ခဲ့ဖူးပါသည်။ နှစ်ပေါင်းများစွာ ဖြတ်ကျော်လာခဲ့ပြီး ကြင်တော်ယန်မှာ ဥစ္စာစောင့်နတ်မင်းကျောင်း၊ ကွမ်ယင်ဘုရားကျောင်းနှင့် တာ့ရှုံပေါင်တျန့်ကျောင်းတော်ကြီး စသည်တို့ကို တည်ဆောက်ထားခဲ့ရာ ယခုဆိုလျှင် ဘာသာရေး၊ ယဉ်ကျေးမှုဖလှယ်ဆုံစည်းရာနေရာ ဖြစ်လာခဲ့သည်သာမက မြန်မာ-တရုတ် ယဉ်ကျေးမှုဆုံဆည်းရာစင်တာနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေး၏ စင်မြင့်ပလက်ဖောင်း ဖြစ်လာနိုင်ခဲ့ပါတော့သည်။ ကြင်တော်ယန်ပရဟိတအသင်း၊ ကြင်တော်ယန် အမျိုးသမီးပရဟိတအသင်းတို့အပြင် မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၊ အထက်မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်း၊ မန္တလေး အိုဗာစီးတရုတ်ဝန်ဆောင်မှုစင်တာ စသည့် လူမှုရေးအဖွဲ့အစည်းများသည် ကြင်တော်ယန်တွင် တည်ထောင်ကြပါသည်။ ဤနေရာမှာ ပေါက်ဖော်ပြတိုက်တည်ဆောက်ခြင်းမှာ မြန်မာ-တရုတ် ချစ်ကြည်ရေးခေတ်အဆက်ဆက် အမှတ်သင်္ကေတအဖြစ် ကမ္ပည်းထိုးနိုင်ခြင်းဖြစ်ရာ သမိုင်းမှတ်ကျောက်တစ်ခု ဖြစ်လာနိုင်ခဲ့ပါတော့သည်။ စီမံချက်အရ ကြင်တော်ယန်မှာ မြန်မာ-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးအတွက် ခရီးသွားနေရာတစ်ခုပင် ဖြစ်လာနိုင်မည် ဖြစ်ပေသည်။

ပေါက်ဖော်ပြတိုက်တွင် 'တူညီသောကံကြမ္မာ'၊ 'တူညီသော အကျိုးစီးပွား'(လူနေမှုဘဝ)နှင့် 'တူညီသောတာဝန်' ဟူ၍ ခေါင်းစဉ်(၃)ပိုင်း ခွဲထားပါသည်။

'တူညီသောကံကြမ္မာ'အပိုင်းမှာ ပထမဦးဆုံး မြန်မာ့ရိုးရာရွှေချည်ထိုးဖြင့် 'မှန်နန်းရာဇဝင်'ရှိ သန္တာရီပုံပြင်ဇာတ်လမ်း တရုတ်နှင့်မြန်မာ မောင်နှင့်နှမတော်စပ်ကြောင်း ဇာတ်လမ်းမှအစ 'ပျူအင်ပါရာမှ ဂီတအနုပညာအဖွဲ့ ထန်အင်ပါရာသို့တင်ဆက်ခြင်း' ဇာတ်လမ်းကို ဖော်ကျူးခဲ့ပါသည်။ ထို့နောက် ပန်းချီကားများဖြင့် မင်မင်းဆက်မှာ တရုတ်လူမျိုးများ ဧရာဝတီမြစ်တစ်လျှောက် မန္တလေး ကြင်တော်ယန်မြစ်ဆိပ်သို့ ရောက်ရှိလာကာ စီးပွားကုန်သွယ်ရောင်းဝယ်ဖောက်ကားခဲ့သည့် ဖြစ်စဉ်ကို ဖော်ကျူးထားခဲ့ပြန်သည်။ နောက်တစ်ဖန် ချင်းမင်းဆက်မှာ မင်းတုန်းမင်းတရားကြီးနှင့် တရုတ်လူမျိုး ခေါင်းဆောင်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သည့်ဖြစ်စဉ်ကို ဖော်ပြထားပြန်သည်။ ထို့နောက် ပန်းချီကားများဖြင့် ခေတ်သစ်သမိုင်းမှာ တရုတ်-မြန်မာ နှစ်နိုင်ငံတူညီသော ကျူးကျော်မှုနှင့် ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့သည့် သမိုင်းကြောင်းများ၊ ဥပမာ- ဘိန်းစစ်ပွဲ၊ အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးစစ်ပွဲ စသည်တို့ကို ဖော်ပြထားနိုင်ခဲ့ပါသည်။ နောက်ဆုံးမှာ ၁၉၄၉ ခုနှစ်နောက်ပိုင်း တရုတ်-မြန်မာ ဆက်ဆံရေးအကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်ခြင်း အပါအဝင် အကြောင်းအရာများကို သမိုင်းဝင် ဓာတ်ပုံများဖြင့် ဖော်ပြထားပါသည်။

'တူညီသော အကျိုးစီးပွား (လူနေမှုဘဝ)' အပိုင်းကဏ္ဍမှာ လက်တွေ့ပစ္စည်းများဖြင့် မြန်မာပြည်သူလူထုတို့၏ ကုန်ထုတ်လုပ်မှု လူနေမှုဘဝ၊ ဂီတအနုပညာနှင့် ဘာသာရေး စသည့်အကြောင်းအရာများ ပါဝင်ပါသည်။ မြန်မာပြည်ဖွား တရုတ်များက မြန်မာပြည်သူလူထုနှင့်အတူ တူညီသော အသက်မွေးဝမ်းကျောင်းပြုပုံနှင့် ဘာသာရေး ယုံကြည်ကိုးကွယ်မှု စသည်တို့ အပါအဝင် ပြသထားသည်။

'တူညီသောတာဝန်' အပိုင်းကဏ္ဍမှာ မြန်မာ-တရုတ်တို့ အတူတကွ ယုံကြည်ကိုးကွယ်သော ဗုဒ္ဓဘာသာ ငါးပါးသီလမှ အစ နှစ်နိုင်ငံခေါင်းဆောင်များ အတူတကွ သတ်မှတ်ခဲ့ကြသည့် 'ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်'အထိ ဖော်ပြထားပြီး နှစ်နိုင်ငံက နိုင်ငံတကာရေးရာမှာ အပြန်အလှန် ထောက်ခံအားပေးကြခြင်းနှင့် နိုင်ငံတကာတာဝန်ယူခြင်း အကြောင်းအရာများကို ဖော်ပြထားပါသည်။ နောက်ဆုံးမှာ မြန်မာပြည်ဖွား တရုတ်လူမျိုးများက မြန်မာနိုင်ငံ လူမှုရေးအပေါ်မှာ လုပ်ဆောင်ခဲ့ကြသော ပေးလှူခြင်းများ အကြောင်းကို ပြသထားပါသည်။

'ပေါက်ဖော်ပြတိုက်'သည် အစတစ်ခုသာ ဖြစ်သည်။ နောက်နောင် အသိုင်းအဝိုင်းအသီးသီးတို့၏ ဆက်လက်ထောက်ခံအားပေးမှုများဖြင့် ပြီးပြည့်စုံစေနိုင်မည်ဖြစ်သည်။ ကြင်တော်ယန်မှာ ဤ မြန်မာ-တရုတ် သမိုင်းနှင့် ယဉ်ကျေးမှု နားလည်စေနိုင်သည့် ပြတင်းပေါက်တစ်ခု ဖြစ်လာမည်မှာ ဧကန်မုချပင် ဖြစ်နေပါတော့သည်။





